# အိုးအိမ်နေရာထိုင်ခင်းနှင့်ပတ်သက်၍ သင်၏ တာဝန်ဝတ္တရားများ နှင့် ပြဿနာတက် လာလျှင် လုပ်ဆောင်သင့်သည့်အချက်များ

ဧပြီ ၂၀၁၀

Burmese

ပြည်ထဲရေးရုံး (ယခင်အခေါ် မှာ NASS အိုးအိမ်နေရာထိုင်ခင်း)မှ ပေးသော အိမ်ခန်းနေရာထိုင်ခင်းများသည် သန့် ရှင်း၍ နေထိုင်ချင်စဖွယ်ရှိပြီး အန္တရာယ်ကင်းရှင်းရမည်။

သင်၏ အိမ်နေရာထိုင်ခင်းသည် မီးဘေးအန္တရာယ်လုံခြုံရေး လိုအပ်ချက်များ လုံလောက်စွာရှိရမည်။ အလွန်ထိုင်းမှိုင်းစွတ်စိုခြင်း၊ နှင့် လွန်စွာပြင်ဆင်ရလောက်အောင် ပျက်စီးမနေရ။

ဤစာစောင်သည် သင်၏ အခွင့်အရေးနှင့် တာဝန်များကို ဖေါ် ပြသည်။ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူ၏ တာဝန်ဝတ္တရားများ၊ ပြဿနာဖြစ်လာလျှင် မည်သို့ လုပ်ဆောင်သင့်သည် နှင့် ကျွန်ုပ်တို့ မှ မည်သို့ ကူညီနိုင်သည် တို့ ကို ဖေါ်ပြထားပါသည်။

**နေရာထိုင်ခင်းတွင် ငှားနေထိုင်စဉ် ကျွန်ုပ်တွင် မည်သည့် တာဝန်ဝတ္တရားများ ရှိသနည်း။**

သင်သည် အောက်ပါတို့ ကို ပြုလုပ်ရမည်။

- သင်၏ နေရာထိုင်ခင်းကို သန့်ရှင်းစွာထား၍ သင့်အား သုံးခွင့်ပေးထားသော ပရိဘောဂနှင့် အိမ်သုံးပစ္စည်းများကို ဂရုစိုက်ရမည်။
- အိုးအိမ်ခြံဝင်းနှင့် အများသုံးနေရာများကို ထိန်းထိန်းသိမ်းသိမ်းသုံးရမည်။ ဥပမာ စုပေါင်းသုံးသည့် လှေကားသည် ကိုယ်ပိုင်ပစ္စည်းများ၊ အဝတ်အထည်များ နှင့် အခြား ပစ္စည်းများဖြင့် ပြန့်ကြဲမနေဘဲ သန့် ရှင်းနေအောင် ထားရမည်။
- အမှိုက်များကို စနစ်တကျ စွန့် ပစ်ရန် လိုအပ်သည်။ အမှိုက်ပုံးများကို သတ်မှတ်ထားသော နေရာများတွင်သာ သွန်ခြင်း၊ လှယ်ခြင်း ပြုလုပ်ရမည်။
- အိမ်သို့ ညအိပ် ညနေ ဧည့်သည်လာမည်ဆိုလျှင် သင်၏အိမ်တွင် **လက်မခံမီ** ပြည်ထဲရေးရုံးသို့ လျှောက်ထားပြီး ခွင့်ပြုစာ ရထားရမည်။
- ခြောက်လအတွင်း စုစုပေါင်း ၁၄ ရက်ထက်ပို၍ နေအိမ်မှ ထွက်ခွာနေမည်ဆိုလျှင် ယင်းသို့ **မထွက် ခွာမီ** ပြည်ထဲရေးရုံးသို့ ကြို တင်အကြောင်းကြား ခွင့်ပြုချက်ယူပါ။ ဤသို့ မထွက်ခွာမီ ဤခွင့်ပြုချက်ကို ကြိုယူမထားလျှင် သင်သည် အိမ်နေရာထိုင်ခင်းတွင် နေခွင့်ဆုံးရှုံးသည် အထိဖြစ်နိုင်သည်။
- အိမ်ခန်းနှင့် ပတ်သက်၍ **ပြဿနာပေါ်လာလျှင် အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူထံ အမြန်ဆုံး အကြောင်းကြား**ပါ။
- အပျက်အစီးများပြင်ဆင်နိုင်ရန် အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူအား အိမ်ခန်းများသို့ ဝင်ထွက်ခွင့်ပေးရမည်။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**၆၆ အိမ်ခန်းနှင့် ပတ်သက်၍ ပြဿနာ ပေါ်လာလျှင် မည်သို့ လုပ်ရမည်နည်း။**

သင်၏ အိမ်နေရာထိုင်ခင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ် ခဲ့လျှင် ရှေးဦးစွာ သင်၏ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူသို့ အကြောင်းကြားပါ။

သင်၏ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူသည် သင့်အား အိမ်စတင်ငှားရမ်းစဉ်တည်းက ဆက်သွယ်ရန် အချက်အလက်အသေးစိတ် ပေးထားပြီးဖြစ်လိမ့်မည်။ အကယ်၍ သင့်တွင် ထိုဆက်သွယ်ရန်လိပ်စာ မရှိလျှင် ကျွန်ုပ်တို့ ထံ ဖုန်းဆက်ပါ။ ကျွန်ုပ်တို့ မှ ကူညီပါမည်။ ကျွန်ုပ်တို့ ၏ အခမဲ့ဖုန်း ၀၈၀ ၀၀၈၅ ၆၀၈၇ သို့ ဆက်ပါ။ ဤနံပါတ်သည် ကြိုးဖုန်းမှသာ ဆက်သွယ်နိုင်ပါသည်။

တိုင်ကြားမှု **မပြုမနေရ** ပြဿနာများတွင် အောက်ပါဇယားတွင် အကျဉ်းဖော်ပြထားသည့် ပြဿနာများအပြင် အခြားပြဿနာများ ပါဝင်သည်။ ဥပမာများမှာ  ပြဿနာကို တုံ့ပြန်ရန် ကြာ မည့် ခန့်မှန်းတွင်ချက်ထားသော အချိန်လည်းပါဝင်သည် ။

| **ပြဿနာ** | **ပြန်လည်တုံ့ပြန်ရန် နှင့် ပြင်ဆင်ရန် အချိန်** |
|---|---|
| ဓာတ်ငွေ့ ယိုစိမ့်မှု၊ ရေကြီးမှု သို့ မဟုတ် မီးဘေးအပျက်အစီး စသည့် စိတ်မချရ၊ အန္တရာယ်မကင်းသော အိမ်တွင်း အခြေအနေများ။ | ပြဿနာကို သတင်းပို့ပြီး နှစ် (၂) နာရီအတွင်း အကြောင်းပြန်ပါ။ |
| ရေနွေးမရခြင်း၊ လျှပ်စစ်ဓာတ်အား မရခြင်း၊ မီးခိုးအန္တရာယ် သတိပေးအချက်ပေးစနစ် အလုပ်မလုပ်ခြင်း စသည့် အလွန်ဆိုးသော အိမ်တွင်း အခြေအနေများ။ | ပြဿနာကို သတင်းပို့ပြီး ၂၄ နာရီအတွင်း အကြောင်း ပြန်ပါ။ |
| အနည်းငယ် ပိုက်ပိတ်ဆို့ခြင်း၊ ပြူတင်းပေါက်များ ဖွင့်၍ ပိတ်၍မရ ညပ်နေခြင်း၊ မှန်လဲရန်လိုခြင်းများ စသည့် အရေးပေါ် လုပ်သင့်သည့်အိမ်တွင်း အသေးစားပျက်စီးမှု အခြေအနေများ။ | ပြဿနာကို သတင်းပို့ပြီး ၂၄ နာရီအတွင်း အကြောင်း ပြန်ပါ၊ (၇) ရက်အတွင်း ပြင်ဆင်မွမ်းမံပြီး ဖြစ်ရမည်။ |
| အဝတ်လျှော်စက် ပျက်ခြင်း၊ ပရိဘောဂ လဲရန် လိုခြင်း၊ သို့ မဟုတ် အိမ်ပြင်ပတွင် ပြင်ဆင်ရန်လိုခြင်းများ၊ စသည့် ပုံမှန် လုပ်နေကျကိစ္စများ | ပြဿနာကို သတင်းပို့ပြီး နှစ် (၂၈) ရက်အတွင်း ပြဿနာကို ဖြေရှင်းပြီး ဖြစ်ရမည်။ |

သင်သည် သန့် ရှင်း၊  လုံခြုံ၍ စိတ်ချရသော အိမ်နေရာထိုင်ခင်းတွင် နေထိုင်ခွင့်ရှိသည် ဆိုသည်ကို မမေ့လျော့ရန် အရေးကြီးပါသည်။ အိုးအိမ်ပစ္စည်းများနှင့် အိမ်တွင်း မျက်နှာကြက် နံရံစသည်တို့ တွင် တပ်ဆင်ထားသော ပစ္စည်းအစိတ်အပိုင်းများမှသော်၄င်း၊ အိမ်နီးနားချင်းများထံမှ သော်၄င်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အန္တရာယ်မှ ကင်းရှင်းစေရမည်။

အကယ်၍ သင်၏ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူသည် ပြဿနာကို ဖြေရှင်းမပေးလျှင်၊ သူ့ အား ကျွန်ုပ်တို့ မှ သင့်အစား ဆက်သွယ်၍ အဘယ်ကြောင့် ပြဿနာကို မဖြေရှင်း ရသေးသည်ကို မေးမြန်းခြင်း၊ သို့ မဟုတ် ဆီလျော်ပါက ပြည်ထဲရေးရုံးသို့  အကြောင်းကြားပေးခြင်း ပြုနိုင်ပါသည်။




Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**ကျွန်ုပ်၏ အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူ တွင် မည်သည့် တာဝန်များရှိပါသနည်း**

သင့်အတွက် လုံခြုံသန့် ရှင်း သောနေရာထိုင်ခင်းပေးခြင်း အပြင် သင်၏ အိမ်ရှင်သို့ မဟုတ်ထိန်းသိမ်းသူ သည် အောက်ပါတာဝန်များလည်း ရှိသည်။

- သင်ရောက်စတွင် အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူသည် သင့်အား သင်နားလည်သော ဘာသာစကားဖြင့် မိတ်ဆက် ရှင်းပြမည်။ သင့်အိမ်နေရာကို ပြသခေါ်ဆောင်လျက် ၍ ပစ္စည်းများကို ဘယ်လိုသုံးရသည်ကို လိုက်လံရှင်းလင်းပြသကာ စာချုပ်ပါ အချက်များကို ရှင်းပြမည်။

- သင်မှလိုအပ်လျှင် စကားပြန်ခေါ်ပေးရမည်။

- အရေးပေါ် အချိန်တွင် သူတို့ အား မည်သို့ ဆက်သွယ်ရမည်ကို သေးစိတ် ရေးထားချက်ကို သင့်အားပေးရမည်။

- သင်သို့ မဟုတ် သင်၏ အခန်းဖော်၏ အလွဲသုံးစားပြုခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှားလျှင် အိမ်ထောင်ပရိဘောဂ၊ အိမ်တွင်တပ်ဆင်ထားသော ကရိယာတန်ဆာပလာများ၊ ရေပိုက်များနှင့် အိမ်အပျက်အစီး ပြဿနာများ ပြင်ဆင်မှုအတွက် စီစဉ်ခြင်း၊ ပြင်ခပေးခြင်းများပြုရမည်။။

- တိုင်တန်းမှုတိုင်းကို မည်သည့်နည်း ၊ မည်သည့်အချိန်တွင် ဖြေရှင်းမည် စသည်ကို စာဖြင့် သင့်အား အကြောင်းကြားရမည်။ ယင်းသည် သင်မှပြဿနာ၊ တိုင်တန်းမှု ပြုလုပ်ပြီး ဖြစ်ကြောင်း သက်သေဖြစ်ပြီး၊

- သင့်တင့်လျောက်ပတ်သည့် အချိန်အကန့် အသတ် အတွင်း အိုးအိမ်နှင့်ပတ်သက်သည့် မည်သည့် တိုင်တန်းချက်ကို မဆို တုန့်ပြန်ဖြေကြားရမည်။ ပြဿနာအခြေအနေပေါ် မူတည်၍ ဖြေရှင်းရန် အချိန်ကြာမှုသည် ခြားနားနိုင်ကာ ၂၈ ရက်ခန့်ကြာသည် အထိဖြစ်တတ်ပါသည်။ ဤစာမျက်နှာ၏
ရှေ့စာမျက်နှာပါ ဇယားကို ကြည့်ပါ ။

**အကယ်၍ ကျွန်ုပ်သည် စိတ်အနှောင့်အယှက် ဖြစ်စေမှု၊ မတရားအလုပ်ခံရမှု၊ သို့ မဟုတ် ခန္ဓာကိုယ် အနာတရဖြစ်စေမှုများ ခံရလျှင် မည်သို့ လုပ်ဆောင်သင့်သနည်း။**

မည်သို့ သော အိုးအိမ် အဆောက်အဦးတွင် ရောက်နေသည်မဆို၊ ငြိမ်းချမ်းခြင်း မတော်မတရားပြုခြင်း စသည်တို့ မှ ကင်းဝေး လုံခြုံစွာနေထိုင်ခွင့် သင့်တွင် ရှိသည်။ တစ်စုံတစ်ယောက်သောသူသည် သင့်အား လူမျိုးကွဲ၊ အသားအရောင်၊ လူမျိုးစု၊ လိင်၊ ယောက်ျားလျာ မိန်းမလျာဖြစ်မှု၊ သို့ မဟုတ် မည်သည့်နိုင်ငံသားဖြစ်ခဲ့မှု တို့ ကြောင့် မတော်မတရားဆက်ဆံလျှင် ယင်းသည် ကြီးလေးသော ရာဇဝတ်မှုဖြစ်ပြီး၊ တရားဥပဒေနှင့် ဆန့် ကျင်သည်။

သင်ပထမဆုံး လုပ်သင့်သည်မှာ ရပ်ကွက်ရဲစခန်းသို့ ဘာဖြစ်နေသည်ကို အကြောင်းကြားရန် ဖြစ်သည်။ ရဲသည် ဖြစ်ပျက်မှုကို စုံစမ်းစစ်ဆေးမည်။ သင်သည် စတရက်သ်ကလိုက်ဒ် Strathclyde ရဲစခန်း ဖုန်းနံပါတ် ၀၁၄၁ ၅၃၂ ၂၀၀၀ သို့ ဆက်သွယ်နိုင်ပြီး သူတို့ သည် သင့်အမှုဖွင့်ရန် ကူညီနိုင်မည့် သင့်ရပ်ကွက်အဆက်အသွယ်ရဲ ကိုညွှန်ပြလိမ့်မည်။

အကယ်၍ သင်သည် ရဲနှင့် တိုက်ရိုက်ပြောဆိုရန် မတတ်စွမ်းလျှင်သော်၎င်း၊ မပြောလိုလျှင်သော်၎င်း သင်သည် ကျွန်ုပ်တို့ ထံ ဆက်သွယ်၍ အမှုကို တိုင်တန်းရေးတွင် ယုံကြည်စိတ်ချလုံခြုံစွာ ကူညီနိုင်ရန် တောင်းဆိုနိုင်ပါသည်။ သင့်လျော်ပါက သင့်အား စိတ်ပိုင်းဆိုင်ရာအကူအညီပေးနိုင်မည့် အဖွဲ့ အစည်းများနှင့် သင့်အား ဆက်သွယ်ပေးနိုင်ပါသည်။

သင်သည် မည်သည့် လူလူချင်းခွဲခြားစိတ်အနှောင့်အယှက် ဖြစ်စေမှု၊ ကြမ်းတမ်းမှု ဖြစ်စေ၊ ခန္ဓာကိုယ်သို့ ထိခိုက်စေမှုကို မဆို မှတ်တမ်းတင်ထားပါ။ သင်သည် အောက်ပါတို့ ကို လုပ်သင့်သည်။

- အချိန်၊ နေ့ စွဲ၊ ဖြစ်ပွားသည့် နေရာ၊ စသည့် ဘာဖြစ်ခဲ့သလဲဆိုသည်တို့ ကို မှတ်သားထားပါ။

- သင့်ထံပို့ သည့် မှတ်စုများ၊ စာများ၊ ဖုန်းစာသား (တက်စ်များ) အီးမေးလ်များကို သိမ်းထားပါ

- ထိုသူ၏ ပြုမူပြောဆိုမှုကြောင့် အနှောင့်အယှက် ဖြစ်ခဲ့ဖူးနိုင်သော အခြားသူများနှင့် ပြောဆိုဆွေးနွေးပါ။
(ဥပမာ အခြားအိမ်နီးချင်းများ သို့ မဟုတ် အိမ်ငှားများ)



Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639